ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်၊ ၇၀/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ကောက်ခံရမည့် အခွန်အခများ၏ အပိုဒ် ၃၀ ၌ **"ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့်သတ္တုတွင်းဆိုင်ရာအခွန်အခများ"** ဟု ပြဋ္ဌာန်းထားပါသည်။

၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၈ ၌ **"ဓာတ်သတ္တုအမျိုးအစားအလိုက် ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်နှုန်းထားများ"** ကို လည်းကောင်း၊ ပုဒ်မ ၁၉ ၌ **"ပုဒ်မ ၁၈ အရ ဓာတ်သတ္တုခွန် ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုဈေးနှုန်းအရ သတ္တုစင်ပါဝင်မှု ရာခိုင်နှုန်းအပေါ်တွင် တွက်ချက်၍ ဦးစီးဌာနသို့ ပေးဆောင်ရမည်"** ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၄။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတ္တုနှင့်သတ္တုတွင်းဆိုင်ရာ အခွန်အခများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီးဌာနက ဆောင်ရွက်ခွင့်ရှိသည့် ဓာတ်သတ္တု အကြီးစား၊ အလတ်စားနှင့် ကန့်သတ် ဓာတ်သတ္တု အသေးစားလုပ်ငန်းများမှ ရရှိသည့် အခွန်အခများကို သတ္တုတွင်းဦးစီးဌာနသို့ ပေးဆောင်၍ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေအဖြစ် ပေးသွင်းရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းများမှရရှိသည့် အခွန်အခများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုတွင်းဦးစီးဌာန (ရုံးခွဲ)သို့ ပေးဆောင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရမည်။

(ပုံ) အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၅ ခွဲ (၂) ၁၈ / သတ္တု (၈၃၆၆)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

D:\Ma Su Myat&\Tax and Rent Notification\Cabinet\Dead Rent Order 5.4.2018.doc

သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သတ္တုတွင်းဦးစီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

ခင်မောင်ရီ
အမြဲတမ်းအတွင်းဝန်

D:\Ma Su Myat&\Tax and Rent Notification\Cabinet\Dead Rent Order 5.4.2018.doc